Maahanmuuttovirasto
Migrationsverket
Finnish Immigration Service

Euroopan unionin osarahoittama

# အတူတူလိုက်ပါလာသော ကလေးအတွက် ခိုလှုံခွင့်အတွက်မေးမြန်းပြောဆိုခြင်း

**မိမိအား လူဝင်မှုကြီးကြပ်ရေးဌာန၏ မေးမြန်းပြောဆိုခြင်းတစ်ခုအတွက် ဖိတ်ကြားထားပါသည်။ မေးမြန်းပြောဆိုခြင်းအတွင်း သင့်အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို ရှင်းပြထားသော ညွှန်ကြားချက်များကို ဂရုတစိုက်ဖတ်ရှုပါ။ အကယ်၍ မိမိ၌ ဤညွှန်ကြားချက်များနှင့်ပတ်သက်၍ မေးခွန်းများရှိပါက၊ မေးမြန်းပြောဆိုခြင်းအစ၌ လူဝင်မှုကြီးကြပ်ရေးဌာနမှ ဝန်ထမ်းအား မိမိ၌ရှိသော ဤမေးခွန်းများကို မေးမြန်းနိုင်ပါသည်။**

## မေးမြန်းပြောဆိုခြင်း၏ ရည်ရွယ်ချက်သည် အဘယ်နည်း။



- မိမိသည် မိမိ၏ မိသားစုနှင့်အတူ၊ ဖင်လန်နိုင်ငံတွင် နိုင်ငံတကာအကာအကွယ်ပေးရန်အတွက်၊ လျှောက်ထားသူတစ်ဦးဖြစ်ပါသည်။ လူဝင်မှုကြီးကြပ်ရေးဌာနသည် မိမိသည် ဖင်လန်နိုင်ငံတွင် နိုင်ငံတကာအကာအကွယ်ပေးရန်အတွက် လျှောက်ထားရသည့်အကြောင်းရင်းများနှင့် အတူ မိမိ ၏နေရပ်နိုင်ငံသို့ ပြန်လည်သွားရောက်နိုင်ခွင့် နှင့်ပတ်သက်နေသော အကြောင်းရင်းများကို စုံစမ်းစစ်ဆေးမည်ဖြစ်ပါသည်။
- မေးမြန်းပြောဆိုမည့် ရည်ရွယ်ချက်သည်၊ မိမိအတွက် အရေးကြီးသော အကြောင်းအရာများကို ကျွန်ုပ်တို့အား ပြောပြနိုင်ရန် အခွင့်အရေးပေးထားခြင်းဖြစ်ပါသည်။ အကယ်၍ မိမိကို မနှစ်မြို့ဖွယ်မကောင်းသောအရာတစ်ခုခု ဖြစ်ပျက်ခဲ့ပါက၊ သို့မဟုတ် တစ်စုံတစ်ခုကို ကြောက်ရွံ့မှုများနှင့်ရင်ဆိုင်ခဲ့ရပါက၊ ကျွန်ုပ်တို့အား ပြောပြနိုင်ပါသည်။ ဤအစည်းအဝေးတွင် မိမိသိသမျှအရာများအားလုံးကို ကျွန်ုပ်တို့အား ပြောပြပေးရန် အလွန်အရေးကြီးပါသည်။ မိမိ၏ ကိုယ်ပိုင်စကားလုံးများဖြင့် ကျွန်ုပ်တို့ကို ပြောပြပေးနိုင်ပါသည်။ လိုအပ်သောအခါ၌၊ မေးမြန်းပြောဆိုသူသည် မေးခွန်းတွေကိုမေးခြင်းအားဖြင့် အကူညီပေးပါလိမ့်မည်။

- မိမိ၏ အုပ်ထိန်းသူများသည် ၎င်းတို့၏ကိုယ်ပိုင် မေးမြန်းပြောဆိုချိန်များ၌ မိသားစု၏ကြုံတွေ့ဖြတ်သန်းလာရသောအတွေ့အကြုံအကျိုးအကြောင်းများကို၊ နိုင်ငံတကာအကာအကွယ်ပေးရန်အတွက် လျှောက်ထားရခြင်း၏ အကြောင်းရင်းများကို မိမိ၏ မိဘများသည်ရှင်းပြမည်ဖြစ်ပါသည်။ မိမိ၏ စစ်ဆေးမေးမြန်းချိန်တွင် မိမိ၏ အုပ်ထိန်းသူများနှင့်ပတ်သက်နေသော အခြေခံအကြောင်းပြချက်များကို ရှင်းပြပေးရန် မလိုအပ်ပါ။
- လူဝင်မှုကြီးကြပ်ရေးဌာနသည်လည်း၊ မိမိ၏ အုပ်ထိန်းသူများမှ ပေးအပ်ထားသော အချက်အလက်များ နှင့် ကိစ္စရပ်တွင် တင်ပြထားသော အခြားသောအကြောင်းအရာများအပေါ် အခြေခံ၍၊ ဆုံးဖြတ်ချက်ချမည်ဖြစ်ပါသည်။ ကိစ္စရပ်များကို ဆုံးဖြတ်ရာ၌လည်း မိမိပြောပြထားသည့်အကြောင်းအရာများကိုလည်း ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ပါသည်။

## မေးမြန်းပြောဆိုခြင်းကို မည်သည့်နေရာ၊ မည်သည့်အချိန် နှင့် မည်ကဲ့သို့စီစဉ်မည်နည်း။

- သင်သည်၊ ဤလမ်းညွှန်စာစောင် နှင့်အတူ မေးမြန်းပြောဆိုခြင်းအတွက် ဖိတ်ကြားချက်စာတစ်စောင်ကိုလည်း သင်သည် လက်ခံရရှိပြီးဖြစ်ပါသည်။ မိမိ၏ မေးမြန်းပြောဆိုချိန်ကို မည်သည့်နေရာ၌၊ မည်သည့်အချိန်တွင် မည်ကဲ့သို့စီစဉ်မည်ကို ၎င်း၌၊ မိမိအား ပြောပြထားပါသည်။
- မေးမြန်းပြောဆိုခြင်းကို အသံဖမ်းထားမည်ဖြစ်ပြီး၊ မိမိအလိုရှိပါက ဤအသံဖမ်းထားသောမှတ်တမ်းကို မိမိအတွက် တောင်းယူနိုင်ပါသည်။ မရှင်းလင်းသောအချက်အလက်များကို ဖြေရှင်းစေလို သောကြောင့်သာ ဤကဲ့သို့ မှတ်တမ်းကိုတင်ယူထားခြင်းဖြစ်ပြီး၊ လူဝင်မှုကြီးကြပ်ရေးဌာနသည်လည်း အပြင်သို့ပေါက်ကြားသွားအောင် ဝေမျှမည်မဟုတ်ပါ။
- မေးမြန်းပြောဆိုခန်းတွင် ရုပ်ပုံကို မှတ်တမ်းတင်ထားသော စောင့်ကြည့်ကင်မရာတစ်ခု ရှိနိုင်ပါသည်။
- မေးမြန်းပြောဆိုမှုများကို မှတ်တမ်းစာစောင်တစ်ခုအဖြစ် ပြုလုပ်သွားမည်ဖြစ်ပါသည်။
- ဖိတ်စာတွင် မိမိ၏မေးမြန်းပြောဆိုခြင်းကို ဗီဒီယိုလင့်ခ်မှတစ်ဆင့် ပြုလုပ်မည် ဖြစ်မည်၊ မဖြစ်မည်ကို ဖော်ပြထားပါမည်။ ဗီဒီယိုလင့်ခ်မှတစ်ဆင့် ပြုလုပ်မည့် အစည်းအဝေးနှင့်ပတ်သက်နေသည့်၊ အကြောင်းအရာများကို လူဝင်မှုကြီးကြပ်ရေးဌာန၏ ဝက်ဘ်ဆိုက်တွင် ပိုမိုဖတ်ရှုနိုင်ပါသည်။ **migri.fi/turvapaikanhakijan-asiointi.**

- ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မိမိ၏ မေးမြန်းပြောဆိုချိန် ကို ရွှေ့ဆိုင်း၍မရနိုင်ပါ။ မိမိ၏ မေးမြန်းပြောဆိုခြင်း နေ့တွင် သင်သည်ဖျားနာနေပါက၊ လူဝင်မှုကြီးကြပ်ရေးဌာနသို့ ချက်ချင်းအကြောင်းကြားပေးပါ။ လိုအပ်ပါက ဧည့်ကြိုဌာနစင်တာမှ ဤကိစ္စနှင့်ပတ်သက်၍ အကူအညီရယူနိုင်ပါသည်။ မိမိသည် ခိုင်လုံသောအကြောင်းပြချက်များကို ပေးရပါမည်၊ သို့မဟုတ် ဧည့်ကြိုဌာနစင်တာ သူနာပြုထံမှ သို့မဟုတ် ဆရာဝန်ထံမှ မိမိ၏ဖျားနာမှုနှင့်ပတ်သက်နေသည့် အစီရင်ခံစာကို အမြန်ဆုံး သို့မဟုတ် မေးမြန်းပြောဆိုမည့်ရက်၊ တစ်ပတ်အတွင်း လူဝင်မှုကြီးကြပ်ရေးဌာနသို့ တင်ပြပေးရပါမည်။ အကယ်၍၊ ခိုင်လုံသောအကြောင်းပြချက်များမရှိဘဲ၊ မိမိ၏ မေးမြန်းပြောဆိုချိန်ကို လွတ်သွားပါက၊ မိမိ၏ လျှောက်လွှာကို သွယ်ဝိုက်သောနည်းဖြင့် ရုပ်သိမ်းသည်ဟု ယူဆပြီး၊ ဤကိစ္စအတွက် ကိုင်တွယ်ဖြေရှင်းမှုကို ရုပ်သိမ်းလိုက်မည်ဖြစ်ပါသည်။

## မေးမြန်းပြောဆိုချိန်၌ မိမိ၌ မည်ကဲ့သို့သောအခွင့်အရေး နှင့် တာဝန်ဝတ္တရားများ ရှိပါသနည်း။

- မေးမြန်းပြောဆိုချိန်၌ မိမိ၏ အုပ်ထိန်းသူသည် အတူတူပါလာလေ့ရှိပါသည်။ အုပ်ထိန်းသူမပါဘဲနှင့်လည်း၊ အချိန်တိုအတွင်း၌လည်း မေးမြန်းပြောဆိုခြင်းတစ်ခုပြုလုပ်သွားမည်ဖြစ်ပါသည်။
- မေးမြန်းပြောဆိုခြင်းအတွင်း မိမိ၏ရှေ့နေဥပဒေအကြံပေးလက်ထောက်တစ်ဦးကို အသုံးပြုရန် အခွင့်အရေးရှိသည်။ လက်ထောက်သည် ၎င်းတို့၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဤမေးမြန်းပြောဆိုခြင်း၌ ပါဝင်မှု ရှိမရှိကို၊ ကိုယ်တိုင်စဉ်းစားမည်ဖြစ်သည်။
- မိမိ၏အုပ်ထိန်းသူသည်၊ ရှေ့နေဥပဒေအကြံပေးလက်ထောက်တစ်ဦးကို သင့်အား ငှားပေးရမည်ဖြစ်ပါသည်။ အကယ်၍၊ မိမိ၏အုပ်ထိန်းသူသည် မေးမြန်းပြောဆိုခြင်း အတွက် မိမိ၏ရှေ့နေဥပဒေအကြံပေးလက်ထောက်ဖြစ်သူတစ်ဦးကို မိမိအတွက် စီစဉ်ပေးခြင်းမရှိခဲ့ပါက၊ ကျွန်ုပ်တို့ သည် ရှေ့နေဥပဒေအကြံပေးလက်ထောက်မပါဘဲ ဤ မေးမြန်းပြောဆိုခြင်း ကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။
- မေးမြန်းပြောဆိုသည့်အခါ၌ ဘာသာပြန်အကူတစ်ဦးလည်းပါဝင်မည်ဖြစ်ပါသည်။ ဘာသာပြန်ဆိုပေးမည့်သူ၏ အလုပ်အကိုင်သည်၊ မေးမြန်းပြောဆိုသောအခါ၌ ပြောဆိုသမျှအလုံးစုံတို့ကို ဘာသာပြန်ဆိုပေးသွားရမည်ဖြစ်ပါသည်။ ဘာသာပြန်သူသည်လည်း ကိုယ်တိုင်လာရောက်ခြင်း သို့မဟုတ် ဖုန်းဖြင့် သို့မဟုတ် ဗီဒီယိုမှတဆင့် ဘာသာပြန်ဆိုပေးနိုင်ပါသည်။

- မေးမြန်းပြောဆိုသူ နှင့် မေးမြန်းပြောဆိုနေချိန်၌ ဤနေရာ၌ရောက်ရှိနေကြသော အခြားသူများ၌၊ လျှို့ဝှက်ရမည့်တာဝန်များ ရှိကြပါသည်၊ ဆိုလိုသည်မှာ ၎င်းတို့ မေးမြန်းပြောဆိုချိန်၌ ကြားသိခဲ့ရသည့် အကြောင်းအရာများကို အပြင်၌ မည်သူ့ဆီကိုမှ ပြောပြပိုင်ခွင့်မရှိပါ။ မိမိနှင့်သက်ဆိုင်နေသော စာရွက်စာတမ်းများသည်လည်း အခြေခံအားဖြင့် လျှို့ဝှက်ထားရမည့်အရာများဖြစ်ပါသည်။ သို့သော်ကိစ္စရပ်များ၊ မေးမြန်းပြောဆိုချိန်အတွင်း မိမိပြောပြသောအရာများသည်၊ မိမိ၏ မိသားစုဝင်များ၏ လျှောက်လွှာကို စီမံဆောင်ရွက်ခြင်းအပေါ်၌ ပါဝင်သက်ဆိုင်မှုများရှိနိုင်ပါသည်။ ထိုကဲ့သို့သောကိစ္စရပ်များတွင်၊ မိမိ၏ မိသားစုဝင်များ၏ကိစ္စများအတွက်လည်း ကျွန်ုပ်တို့သည် ထည့်သွင်းစဉ်းစားပေးပါမည်။ သို့သော်ငြားလည်း၊ မိမိသည် မိမိပြောပြထားသောအရာများကို၊ ဤသို့ ထုပ်ဖော်ပြောပြပေးခြင်းအားဖြင့်၊ မိမိအတွက် သို့မဟုတ် မိမိ၏ မိသားစုဝင်များအား အန္တရာယ်ဖြစ်စေပါက၊ မိမိ၏ မိသားစုဝင်ထံသို့ မိမိပြောပြသောအရာများကို ကျွန်ုပ်တို့သည် ဖုံးဝှက်ထားပေးလို့ လည်းရပါသည်။ မေးမြန်းပြောဆိုချိန်၌ ဤကိစ္စနှင့်ပတ်သက်၍ မိမိ၏ အမြင်ကို မိမိသည် ဖော်ပြပေးနိုင်ပါသည်။
- အမှန်အတိုင်းပြောပါ။ အကယ်၍ မိမိသည်၊ မသိသောအရာများ သို့မဟုတ် တစ်ခုခုကိုအချို့အရာများသာလျှင်သိရှိပါက၊ ထွင်ပြီးသော်၎င်း၊ ကြံစီပြီသော်၎င်းမဖြေပါနှင့်၊ ပြောပြ၍ရပါသည်။ တစ်ခုခုကို မမှတ်မိသော် မမှတ်မိပါဟု သို့မဟုတ် မသိလျှင် မသိပါဟုဖြေပါ။ မဟုတ်မမှန်သော အချက်အလက်များကို ပေးပါက၊ မိမိ၏ ပြောပြချက်များကို ယုံကြည်စိတ်ချရမှုများကို အားနည်းစေနိုင်ပါသည်။
- မေးမြန်းပြောဆိုချိန်တွင် မိမိ၏ အမည်ရင်းနှင့် မွေးသက္ကရာဇ်ကို ပေးပါ။ အကယ်၍နောက်ပိုင်းတွင် မိမိ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ပြောင်းလဲလိုပါက၊ နိုင်ငံကူးလက်မှတ် သို့မဟုတ် အခြားတရားဝင် မှတ်ပုံတင်စာရွက်စာတမ်းများ လိုအပ်မည်ဖြစ်ပါသည်။
- လူဝင်မှုကြီးကြပ်ရေးဌာနသည် မိမိ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များ နှင့် မိမိ၏ အခြေခံတင်ပြထားသောလျှောက်လွှာများကို၊ နိုင်ငံခြားသားများ၏ ကိစ္စရပ်များစစ်ဆေးရေးစနစ်တွင် သိမ်းဆည်းထားမည်ဖြစ်ပါသည်။ ၎င်းသည်၊ တရားဝင်မှတ်ပုံတင်ရုံးစနစ်တစ်ခုဖြစ်ပါသည်။
- မှားယွင်းသော ကိုယ်ရေးကိုယ်တာ အချက်အလက်များအား အာဏာပိုင်တစ်ဦးတေယာက်ထံသို့ နှင့် မှားယွင်းသော အချက်အလက်များကို တင်ပို့ပေးခြင်း သို့မဟုတ် အာဏာပိုင်မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရန်အတွက် မှားယွင်းသောအချက်အလက်များ ပေးအပ်ခြင်းသည်လည်း၊ ပြစ်ဒဏ်ချမှတ်နိုင်သော ရာဇဝတ်မှုတစ်ခုဖြစ်ပါသည်။ ဖင်လန်နိုင်ငံတွင် ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှုသည် အသက် ၁၅ နှစ်ကျော်သူများအတွက် အကျုံးဝင်ပါသည်။

## မေးမြန်းပြောဆိုချိန်တွင် မည်သို့သောအရာများဖြစ်လာနိုင်မည်နည်း။

- အစပိုင်း၌ မေးမြန်းပြောဆိုသူသည် မေးမြန်းပြောဆိုချိန်တွင် မည်သည့်အရာများဖြစ်မည်ကို ရှင်းပြမှာဖြစ်ပြီး၊ မိမိ၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို မိမိသည်၊ အမှန်တကယ်နားလည်ကြောင်း သေချာအောင်အဆင်သင့်ပြုလုပ်ပေးသွားမည်ဖြစ်သည်။ တစ်ခုခုကို မိမိနားမလည်ပါက၊ မေးမြန်းနိုင်ပါသည်။ စကားပြန်ကို မိမိသည် နားမလည်ပါက ပြောပြနိုင်ပါသည်။
- မေးမြန်းပြောဆိုသူသည် မိမိ၏ကျန်းမာရေးအခြေအနေပြောင်းလဲမှုများရှိခြင်းမရှိခြင်းကိုလည်း မေးမြန်းမည်ဖြစ်ပြီး၊ နှင့် မိမိ၏ကိုယ်ရေးကိုယ်တာအချက်အလက်များကိုလည်း စစ်ဆေးမည်ဖြစ်ပါသည်။
- မေးမြန်းပြောဆိုသူသည် မိမိအတွက်၊ အထွေထွေမေးခွန်းများကို မေးမြန်းမည်ဖြစ်သည်၊ မိမိ၏ အမိနိုင်ငံ နှင့် ဖင်လန်နိုင်ငံ၌ မိမိ၏ ဘဝအခြေအနေမည်ကဲ့သို့ရှိကြောင်းနှင့် မိမိ၏ အမိနိုင်ငံမှ အဘယ်ကြောင့် ထွက်ပြေးခဲ့ရကြောင်း၊ အဘယ်ကြောင့် ထိုနေရာသို့ ပြန်လည်သွားရောက်၍ မရနိုင်ကြောင်းများကို ပြောပြရန် မိမိအား မေးမြန်းပြောဆိုသူသည် မေးမြန်းမည်ဖြစ်သည်။ ထို့အပြင်၊ မေးမြန်းပြောဆိုသူသည် ပိုမိုတိကျသော မေးခွန်းများကိုလည်း၊ မိမိအားမေးမြန်းနိုင်ပါသည်။ မေးမြန်းပြောဆိုချိန်တွင် အမှန်အတိုင်းပြောရမည်ဖြစ်သောကြောင့်၊ မိမိသည်၊ မသိသောအရာများ သို့မဟုတ် မမှတ်မိသောအရာများရှိပါက ပြောပြနိုင်ပါသည်။ ထွင်ပြီးမဖြေပါနှင့်။
- လူဝင်မှုကြီးကြပ်ရေးဌာနသည် မေးမြန်းပြောဆိုချိန်တွင်၊ မိမိ၏ ကိစ္စအတွက်၊ ဖြေရှင်းချက်များရရှိစေနိုင်မည့် အချက်အလက်များနှင့် ပတ်သက်နေသော၊ အကြောင်းအရာများကို မိမိအား မေးမြန်းနိုင်ပါသည်။ ဥပမာအားဖြင့်၊ အကယ်၍ မိမိသည် ဖင်လန်နိုင်ငံတွင် ရာဇဝတ်မှုတစ်ခုဖြင့် သံသယရှိသူဖြစ်ပါက သို့မဟုတ် ဖင်လန်နိုင်ငံတွင် ရာဇဝတ်မှုတစ်ခုခုကြောင့်၊ ပြစ်ဒဏ်ချမှတ်ခြင်းခံရပါက၊ ၎င်းသည် လူဝင်မှုကြီးကြပ်ရေးဌာန၏ ကိစ္စရပ်များကို စီမံဆောင်ရွက်ရာ၌၊ သက်ရောက်မှုများရှိစေနိုင်ပါသည်။ လိုအပ်ပါက၊ လူဝင်မှုကြီးကြပ်ရေးဌာနသည် မေးမြန်းပြောဆိုချိန်အတွင်း ဤကိစ္စရပ်နှင့်ပတ်သက်၍ မိမိ၏ အမြင်ကို ဖော်ပြနိုင်ရန် အခွင့်ပေးထားပါမည်။
- မေးမြန်းပြောဆိုသူသည် မေးမြန်းပြောဆိုချိန်တွင် ပြောဆိုထားသည့် မိမိ၏အကြောင်းအရာများကို ကွန်ပျူတာပေါ်တွင် ရေးမှတ်ထားမည်ဖြစ်သည်။ ၎င်းမှတ်စုများကို မှတ်တမ်းစာစောင်တစ်ခု ဟုခေါ်လို့ရပါသည်။ မေးမြန်းပြောဆိုသူသည် ဤမှတ်တမ်းစာစောင်ကို မိမိနှင့်အတူ တစ်စိတ်တစ်ပိုင်း သို့မဟုတ် အလုံးစုံ ပြန်လည်သုံးသပ်စစ်ဆေးသွားမည်ဖြစ်ပါသည်။ လူဝင်မှုကြီးကြပ်ရေးဌာနမှ ဤကဲ့သို့လုပ်ရန် လိုအပ်သည်ဟုယူဆပါကဖြစ်ပါသည်။ မေးမြန်းပြောဆိုချိန်၌ စစ်ဆေးမေးမြန်းသူသည် ဤမှတ်တမ်းစာစောင်ကို မိမိနှင့်အတူ မှတ်တမ်းစာစောင်အကုန်လုံးကို ပြန်စစ်ခြင်း မပြုလုပ်ပါက၊ ဤမှတ်တမ်းစာစောင်ကို တဖန်ပြန်ပြင်ခြင်း နှင့် ပြန်စစ်ခြင်းများကို ပြန်လည်လုပ်နိုင်ရန်အတွက်၊ နောက်ဆုံးရက်တစ်ရက်ကို မိမိအား

ပေးလာမည်ဖြစ်သည်။ မှတ်တမ်းစာစောင်များ၏မိတ္တူတစ်စောင်ကိုလည်း မိမိ၏ အုပ်ထိန်းသူထံသို့ ပေးအပ်မည်ဖြစ်သည်။ မိမိသည် အသက် ၁၅ နှစ် သို့မဟုတ် အထက်ဖြစ်ပါကလည်း၊ မိမိအားကိုယ်တိုင် ဤမိတ္တူတစ်စောင်ကိုလည်း လက်ဝယ်ရရှိမည်ဖြစ်ပါသည်။

## လူဝင်မှုကြီးကြပ်ရေးဌာနသည် ဆုံးဖြတ်ချက်ကို မည်ကဲ့သို့ချမည်နည်း။

- မိမိတို့၏ လျှောက်လွှာများအပေါ်အခြေခံ၍ သင့်မိသားစုအား၊ နိုင်ငံတကာအကာအကွယ်ပေးရန် သို့မဟုတ် အခြားနေထိုင်ခွင့်ပါမစ် ပေးအပ်နိုင်ပါသည်။
- လူဝင်မှုကြီးကြပ်ရေးဌာနသည် မိမိ၏အုပ်ထိမ်းသူများ၏ ပေးအပ်သော အချက်အလက်များ၊ နှင့် အခြားတင်ပြထားသော အထောက်အထားများ နှင့် မိမိကိုယ်တိုင် ပြောပြထားသော အရာများကို ထည့်သွင်းစဉ်းစားအခြေခံ၍၊ ဆုံးဖြတ်ချက်ကိုချမည်ဖြစ်ပါသည်။
- အကယ်၍ သင်တို့၏ လျှောက်လွှာသည်၊ ငြင်းပယ်ခြင်းကိုခံခဲ့ရပါက၊ သင့်အား ပြန်လွှတ်နိုင်ပြီး ဖင်လန် နှင့် အခြားသော ရှန်ဂန် နိုင်ငံများသို့ ပြည်ဝင်ခွင့်ကို ပိတ်ပင်ခံရနိုင်ပါသည်။
- အကယ်၍၊ နောက်ပိုင်းတွင် ခိုလှုံခွင့်အတွက် အကြောင်းပြချက်အသစ်များ ထွက်ပေါ်လာပါက၊ လူဝင်မှုကြီးကြပ်ရေးဌာန သို့မဟုတ် အယူခံဝင်သည့်တရားရုံးသို့ ၎င်းအရာများအား အကြောင်းပြ ချက်များ ချက်ချင်း တင်ပြပေးလိုပါသည်။ အကယ်၍ မိမိသည် အချက်အလက်အသစ်များ၊ သို့မဟုတ် အကြောင်းပြချက်အသစ်များကို အမြန်ဆုံး မတင်ပြပါက၊ ၎င်းတို့အပေါ် အခြေခံ၍ နောက်ဆက်တွဲလျှောက်လွှာထပ်တင်ပါက၊ ၎င်းတို့ကို စစ်ဆေးမည်မဟုတ်တော့ပါ။